**သတ်မှတ်ကာလအတွင်း အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များ အသစ်လဲလှယ်ရန်/ သက်တမ်းတိုးခွင့်ပြုရန် လျှောက်ထားခြင်း**

**လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင်ရမည်။)

၂။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ လိပ်မူ၍ လိုက်ပါခွင့်စာရင်းသွင်းထားသော ခရိုင်တရားရုံးမှတစ်ဆင့် လျှောက်ထားရမည်။

၃။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်မူရင်း (စဉ်ဆက်မပြတ် သက်တမ်းတိုးအထောက် အထားများ အပါအဝင်)

၄။ သက်တမ်းကုန်နေသည့် ကာလအတွင်း အမှုလိုက်ပါ ဆောင်ရွက်ခြင်းမရှိကြောင်း လိုက်ပါခွင့်စာရင်းသွင်းထားသော ခရိုင်အတွင်းရှိ တရားရုံး (၅) ရုံး၏ ထောက်ခံစာ။

၅။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ် အသစ်လဲလှယ်ရန်/ သက်တမ်းတိုးရန် ပျက်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက် ကျမ်းကျိန်လွှာ။

၆။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

**မှတ်ချက်**

- **၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ - ၁၈** အရ " အထက်တန်းရှေ့နေတစ်ဦးသည် နောက်လာမည့်ပြက္ခဒိန်နှစ်တွင် ဆက်လက်၍ အမှုလိုက်ပါဆောင်ရွက်လိုသော ဆန္ဒရှိလျှင် မိမိ၏ အထက်တန်းရှေ့နေလိုင်စင်အား ထိုနှစ်မတိုင်မီ အောက်တိုဘာလ (၁) ရက်နေ့တွင်ဖြစ်စေ၊ ၎င်းနေ့ မတိုင်မီဖြစ်စေ လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

- **၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၁** အရ "တစ်ဆက်တည်း (၃) နှစ် ကာလအပိုင်းအခြားအတွင်း အမှန်စင်စစ်ရှေ့နေလိုက်ခြင်းမရှိသော သို့မဟုတ် မိမိ၏ သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ရန် ပျက်ကွက်သော ရှေ့နေသည် မိမိသက်သေခံလက်မှတ်အသစ်လဲလှယ်နိုင်ခွင့် ဆုံးရှုံးခြင်းနှင့် ရှေ့နေမှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ခံထိုက်စေရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၇။ အထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးလျှောက်ထားရာတွင် သက်တမ်းတိုးရန်(၃)နှစ်ကျော်မှ လျှောက်ထားခြင်းဖြစ်လျှင် ခွင့်မပြုပါ။